## လက်ဦးရှုဖွယ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့်အညီ တရားပြသပေးနေကြသော ကမ္မဋ္ဌာန်းဆရာအားလုံးတို့သည်လည်းကောင်း၊ တရားအားထုတ်နေကြသော ယောဂီတို့သည်လည်းကောင်း၊ မဟာစည်ဆရာတော်ကြီး၏ ဩဝါဒတော်များ ညွှန်ကြားချက်များနှင့်အညီ တညီတညာတည်း မူ မကွဲဘဲ, နည်းလမ်း မကွဲဘဲ ပြသကြ, အားထုတ်လျှင် ကောင်းလေစွဟု စိတ်ထဲ၌ တမ်းတမိပါ၏။ တမ်းတသည့်အတိုင်းလည်း ဖြစ်ချင်စေသည့်စေတနာ ပေါ်ပေါက်လာမိပါ၏။ ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားကြီး ဘယ်လို ညွှန်ကြားခဲ့ပါသလဲ ဟူသော ဤစာအုပ်ပေါ်ထွက်လာအောင် ကြိုးစားရပါ၏။

ဤပထမတွဲတွင် ထိုင်မှတ်ခိုက် မူလပင်တိုင်အာရုံနှင့်စပ်၍ ညွှန်ကြားချက်တို့ကို နေရာပေါင်း (၁၀၈)နေရာ၌ တွေ့ရှိရပါ၏။ စင်္ကြံလျှောက်မှတ်မှုနှင့်စပ်၍ ညွှန်ကြားချက်တို့ကို (၂၅)နေရာ၌ ဖတ်ရှုရပါ၏။ ထိတာ မှတ်မှုနှင့်စပ်၍ ညွှန်ကြားချက်တို့ကို (၂၈) နေရာ၌။ ထိနမိဒ္ဓနှင့်စပ်၍ ညွှန်ကြားချက်တို့ကို (၁၃)နေရာ၌။ စိတ်ပျံ့လွင့်မှုနှင့်စပ်၍ ညွှန်ကြားချက်တို့ကို (၃၇)နေရာ၌ မှတ်သားရပါ၏။

ထိုညွှန်ကြားချက်တို့ကို တူရာတူရာ ပေါင်း၍ တစ်စုတစ်စည်းတည်း ဖတ်ရှုရလျှင် ကမ္မဋ္ဌာန်းဆရာတို့အတွက်ရော ယောဂီတို့အတွက်ပါ အကျိုးများလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါ၏။ ထို့ကြောင့် ဤ ပထမတွဲစာအုပ်ကို ပေါ်ထွက်လာအောင် ကြိုးစားလိုက်ရပါ၏။ ဤ ကြိုးစားရသော ကုသိုလ်ကောင်းမှုတို့ဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ပူဇော်ကာ ကျေးဇူးဆပ်လိုက်ပါ၏။

# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
# ဘယ်လို ညွှန်ကြားခဲ့ပါသလဲ (ပထမတွဲ)

## မာတိကာ


| | |
|---|---|
| မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း ..... | (က) |
| သာမဏေကျော်ဆရာတော်၏ လက်ဦးရှုဖွယ် ..... | (ကေ) |
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ အမှာစာ ..... | (ယိ) |
| ထိုင်မှတ်ခိုက် မူလ ပင်တိုင်အာရုံနှင့် စပ်၍ ညွှန်ကြားချက်များ(၁၀၈) ..... | ၁ |
| စင်္ကြံလျှောက်မှတ်မှုနှင့် စပ်၍ ညွှန်ကြားချက်များ(၂၅) ..... | ၂၄၇ |
| ထိတာ မှတ်မှုနှင့် စပ်၍ ညွှန်ကြားချက်များ(၂၈) ..... | ၃၂၉ |
| ထိနမိဒ္ဓ (ပျင်းရိထိုင်းမှိုင်းမှု)နှင့် စပ်၍ ညွှန်ကြားချက်များ(၁၃) ..... | ၄၂၃ |
| စိတ်ပျံ့လွင့်မှုနှင့် စပ်၍ ညွှန်ကြားချက်များ(၃၇) ..... | ၅၁၇ |